ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၆၃ / ၂၀၁၇
၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

နိုင်ငံခြားဖက်စပ်ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီများအား တင်သွင်းရောင်းချခွင့်ပြုသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား HS Code ဖြင့် ဖြည့်စွက်ထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပြည်ပမှတင်သွင်းသည့် ဆောက်လုပ်ရေးပစ္စည်းများအား အမျိုးအစား၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရန်နှင့် ဈေးကွက်အတွင်း မျှတသည့် ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြားဖက်စပ် ကုမ္ပဏီများအား ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရောင်းချခွင့်ပြုခြင်းကို HS Code များဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၁၆ ဖြင့် သတ်မှတ်ထုတ်ပြန်ထားပါသည်။

၂။ အဆိုပါ ခွင့်ပြုထားသော ပစ္စည်းများစာရင်းတွင် မပါဝင်သေးသည့် ပူးတွဲပါ ဆောက်လုပ်ရေးသုံး ပစ္စည်း (ကုန်စည်လိုင်းပေါင်း ၈၃ လိုင်း) အား နိုင်ငံခြားကုမ္ပဏီနှင့် နိုင်ငံခြား ဖက်စပ်ကုမ္ပဏီတို့ကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစတင်၍ တင်သွင်းရောင်းချခွင့်ပြုလိုက်သည်။

၃။ တင်သွင်းရောင်းချခွင့်ပြုသည့် ကုန်ပစ္စည်းစာရင်း (HS Code Line) ကို လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည် ဖြစ်ပါသည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန